လောဘကြီးသောဗေဒင်ဆရာတစ်ဦး၏ အမှန်အကန်ဖြောင့်ချက်

# ဆန်တစ်ပြည်နဲ့ ငွေတစ်မတ်



ဝင်းဇော်(သစ်တော)

Design by Aye Chan

ဆန်တစ်ပြည်နဲ့ ငွေတစ်မတ်
ဝင်းဇော် (သစ်တော)

*

**မဟုတ်မမှန် ပြောဆိုသောသူသည်လည်း ငရဲသို့သွား၏။**
**ပြုလုပ်ပြီးလျှင် ငါမပြုလုပ်ဟု ဆိုသောသူသည်လည်း**
**ငရဲသို့သွား၏။ ယုတ်သောအမှုရှိကုန်သော**
**ထိုသူနှစ်ယောက်တို့သည် တမလွန်ဘဝ၌**
**ငရဲခံရခြင်းတူကုန်၏။**

ဓမ္မပဒ

The Liar goes to the state of woe;

also he who, having done (wrong),

say, "I did not do it".

Men of base actions both,

on departing they share the same

desting in the other world.

Dhammapada

လူမိုက်မှာရှိသော အတတ်ပညာသည်
ထိုလူမိုက်၏ အကျိုးမဲ့ပျက်စီးရန်အတွက်သာဖြစ်၏။

ထိုလူမိုက်၏ ဖြူစင်သောကောင်းမှုအဖို့ကို
ဖျက်ဆီးတတ်၏။ ထိုလူမိုက်၏ ပညာတည်းဟူသော
ဦးထိပ်ကိုပြုတ်၍ ကျစေတတ်၏။

ဓမ္မပဒ

To his own ruin the fool gains knowladge
for it cleaves his head and destroys his
innate goodness.

Dhammapada

လူမိုက်သည် အကြင်မျှလောက်မိမိပြုသော
မကောင်းမှုသည် အကျိုးမပေးသေး။
ထိုမျှလောက်ပျားရည်ကဲ့သို့ အောက်မေ့တတ်၏။
အကြင်အခါ၌ကား မိမိပြုသောမကောင်းမှုသည်
အကျိုးပေး၏။ ထိုအခါ၌ ဆင်းရဲခြင်းသို့ရောက်၏။

(လောကနီတိ)

The fool thinks that his misdeed,
which has yet to produce the results,
is sweet as honey. When his misdeed
gives him due results, only then he
will get into trouble.

(Loka Niti)

ပညာရှိသောသူသည် မိမိ၏အပြစ်ကို

သူတို့ကိုမသိစေရာ။ သူတစ်ပါး၏အပြစ်ကိုကား
သိအောင်ပြုရာ၏။ အဘယ်ကဲ့သို့နည်းဟူမူကား
လိပ်တို့သည် ခြေ၊ လက်၊ ခေါင်းတို့ကို
လျှို့ဝှက်ကုန်သကဲ့သို့ မိမိအပြစ်ကို လျှို့ဝှက်ရာ၏။
သူတစ်ပါးတို့၏အပြစ်ကိုလည်း မှတ်ရာ၏။

(လောကနီတိ)

The wise man should not make
his fault known to others while
he takes notice of others' faults,
just as a tortoise hides its limbs.
He should learn a lesson from
others' faults.

(Laka Niti)

ကျုပ် ... ဒီနေ့သိပ်ပင်ပန်းနေတယ်။ လူကတော့ မပင်ပန်းပါဘူး။ စိတ်က ပင်ပန်းနေတာပါ။ ဒီခေတ်စကားနဲ့ပြောရင်တော့ ... စိတ်ဖိစီးမှုများနေတာပေါ့ဗျာ။

ဘာဖြစ်လို့ စိတ်ဖိစီးမှု များနေတာလဲ ဆိုတော့ ... ဒီနေ့'ရုပ်သံလွှင့်ဌာန' တစ်ခုက ကျုပ်ကို လာ'ဗျူး'မှာမို့ပါ။ အင်း ... 'ရုပ်သံလွှင့်ဌာန'လို့ ကျုပ်ပြောတာဟာ မှားများသလား မသိဘူး။ 'ရုပ်သံလွှင့်ကုမ္ပဏီ' လို့ ပြောတာက ပိုမှန်လိမ့်မယ် ထင်တယ်။ ဟိုး ... ဟိုး ... ဟိုး ကျုပ်ခုမှ စဉ်းစားမိတယ်ဗျာ။ "ရုပ်သံလွှင့်မီဒီယာ'လို့ ပြောရင်တော့ ပိုပြီး ခေတ်မီလိမ့်မယ် ထင်တယ်။

ဟုတ်ပြီ… ကဲ … 'ရုပ်သံလွှင့်မီဒီယာ' လို့ပဲ ပြောတော့မယ်။ မကောင်းဘူးလား။

ဒီနေ့ အဲဒီ 'ရုပ်သံလွှင့် မီဒီယာ' တစ်ခုက ကျုပ်ဆီကို လာ 'ဗျူး'မယ်။ 'ဗျူး'တယ် ဆိုတာထက် 'ဗျူးရိုက်' မယ်လို့ ပြောရင် ပိုမှန်မယ်။ 'ဗျူးရိုက်' မယ်ဆိုတာက 'ဗျူးပြီး ဗီဒီယို ရိုက်တာကို ပြောတာပါ။ ဟုတ်တယ်လေ ဒါကြောင့် ကျုပ်က 'ဗျူးရိုက်' ခံမှာမို့ စိတ်ဖိစီးမှုများနေပြီး သွေးတိုးနေတာပါ။ မမှန်မဟုတ် … မဟုတ်မမှန်၊ လံကြုတ် … လုပ်ကြံပြီး ပြောရမှာဆိုတော့ ပွဲမစခင် ကတည်းက စိတ်ဖိစီးမှုများနေတာ မဆန်းပါဘူး။

ဟုတ်ပြီ … ဒီတော့ … 'ရုပ်သံလွှင့်မီဒီယာ'က ကျုပ်ကို 'ဗျူး'မယ်။ 'ဗျူးရိုက်'မယ်။ ကျုပ်က မဟုတ်မဟတ် လုပ်ဇာတ်တွေပြောပြီး 'ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်' လုပ်မယ်။ "ဘုတ်ကို ကျီးကမြှောက် … ကျီးကို ဘုတ်ကမြှောက်ပြီး လောကကြီး ကြီးပွားသွားလေသတည်း' ဆိုတာ … ဒါမျိုးတွေကို ပြောတာပေါ့။ မဟုတ်ဘူးလား။ အဲဒီလို ကျုပ်နဲ့ "အတိုင်'… 'အဖောက်' လုပ်ပြီး 'ဗျူးရိုက်' ထားတာကို အဲဒီ 'ရုပ်သံလွှင့်မီဒီယာ' က သူ့ရဲ့ရုပ်သံလွှင့် အစီအစဉ်တစ်ခုမှာ တစ်တိုင်းပြည်လုံး သိအောင် လွှင့်ထုတ်မယ်။ အဲဒီရုပ်သံလွှင့် အစီအစဉ်ရဲ့ ဘယ်ကဏ္ဍကလဲ ဆိုတော့ "အောင်မြင် ကျော်ကြား ညာဝါးစားသူများ" … အဲ … အဲ … 'ဘွာတေး'…'ဘွာတေး' … အဲ … မှားသွားလို့ပါ။ ဘာတဲ့ ဩော် … မှတ်မိပြီ။ မှတ်မိပြီ။ "အောင်မြင်ကျော်ကြား လူသိများသောသူများ" ဆိုတဲ့ ကဏ္ဍကပါ။

"အောင်မြင်ကျော်ကြား လူသိများသောသူများ" တဲ့ … တယ်ဟုတ်ပါလား။ ကျုပ်လည်း ခေတ်မီအောင် … မတောက်တခေါက်နဲ့ … အင်္ဂလိပ်လို 'ဘွတ်' … 'ရှုတ်' ပြောကြည့်လိုက်ဦးမယ်။ ငပိသံပါရင်တော့ … နှာခေါင်းပိတ်ထားကြပါဗျာ။ မဟုတ်ပါဘူး … နားပိတ်ထားကြပါလို့ ပြောတာပါ။

"အောက်စတန်းဒင်းဖေဂါ' (Outstanding Figure) ဖြစ်တဲ့သူတွေ ... "ပတ်ဘလစ်ဖေဂါ (Public Figure) ဖြစ်တဲ့လူတွေဟာ မြန်မာလိုတော့ စောကပြောတဲ့ "အောင်မြင်ကျော်ကြား လူသိများသောသူများ" ပေါ့ဗျာ။ ဟုတ်ပြီနော် ...။ အဲဒီလူတွေ ... အဲဒီပုဂ္ဂိုလ်တွေကို "ဗျူး"မယ်။ ဗီဒီယို ရိုက်မယ်။ ပြီးတော့ ... "ဗျူးရိုက်ချက်" တွေကို ထုတ်လွှင့်မယ်။ အဲဒီ ထုတ်လွှင့်ချက် ကဏ္ဍကို နာမည် ပေးထားတာကတော့ "အောင်မြင်ကျော်ကြား လူသိများသောသူများ" ကဏ္ဍတဲ့။

'အောင်မြင်ကျော်ကြား လူသိများ'အောင် လုပ်တဲ့နည်းတွေကလည်း အများကြီးပဲ။ အဲဒီနည်းတွေကို 'လိုင်း'လို့ ခေါ်တယ်။ အောင်မြင်ကျော်ကြား လူသိများအောင် လုပ်တဲ့ 'လိုင်း'တွေ ပေါ့ဗျာ။ ဒီခေတ်မှာတော့ ... ဒီခေတ်မှာဆိုတာက ဒီနေ့ ဒီမိုကရေစီခေတ်ကို ပြောတာပါ။ "အောင်မြင်ကျော်ကြား လူသိများ'အောင် လုပ်တဲ့ အဓိက 'လိုင်း' 'သုံးလိုင်း'ရှိတယ်။ 'အောက်လိုင်း'၊ 'အလယ်လိုင်း'၊ 'အပေါ်လိုင်း' ဆိုပြီး လိုင်း'သုံးလိုင်း' ရှိတယ်။ ဝတ်လစ်စလစ် ခန္ဓာကိုယ်ကို အသားလှလှူးဆေး၊ လိမ်းဆေးတွေနဲ့ လူးပြ၊ လိမ်းပြပြီး 'အင်တာနက်'ပေါ် တင်လိုက်တာကလည်း 'အောက်လိုင်း'နဲ့ 'အောင်မြင်ကျော်ကြား လူသိများ' အောင် လုပ်လိုက်တာပဲလေ ...။ အဲဒီလို 'အောင်မြင်ကျော်ကြား လူသိများ' သွားတော့ ဘာဖြစ်သွားသလဲလို့ မမေးနဲ့။ 'အောင်မြင်ကျော်ကြား လူသိများ' သွားတော့ အနုပညာစင်တော်က ကောက်ပြီး 'ရွှေမင်းသမီး' တင်မြှောက်လိုက်တာပေါ့ဗျာ။ ဟန်မကျဘူးလား ...။ ပြီးတော့ ... အဖော်အချွတ်တွေနဲ့ တိုင်ပွတ်ကပြီး 'အောင်မြင်ကျော်ကြား လူသိများ' အောင် လုပ်တဲ့သူတွေကလည်း ပေါ်လာသေးတယ်။ အဲဒီနည်း ... အဲဒီ 'လိုင်း'ကို 'အောက်လိုင်း' လို့ခေါ်တယ်။ 'ယိုသူမရှက်၊ မြင်သူ သွားရည်ယို'တဲ့ 'လိုင်း'ပေါ့ဗျာ။ အဲဒီ 'အောက်လိုင်း' ကနေ

'အောင်မြင်ကျော်ကြား လူသိများ' အောင် လုပ်ပြီး အနုပညာ စင်ပေါ်ရောက် အောင် လှမ်းတက်သလို ... အနုပညာစင်ပေါ်မှာ ငြိမ်နေ၊ မြုပ်နေ၊ သေနေရင် ... လှုပ်လာအောင်၊ ပေါ် လာအောင်၊ ရှင်လာအောင် 'အောက်လိုင်း' ထဲ ဆင်းပြီး ကစားတဲ့ ရုပ်ရှင်မင်းသား၊ မင်းသမီး ... အဆိုတော်ထီး၊ အဆိုတော်မတွေလည်း ရှိသေးတယ်။ **ဒါတွေက ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး'က ဖန်ဆင်းလိုက်တဲ့ မြို့ပြလူနေမှု စရိုက်ဆိုးတွေပေါ့ဗျာ။** ကျုပ်နေတဲ့လမ်းရဲ့ လမ်းထိပ်ဘက်မှာ ဆိုက်ကားနင်းတဲ့ 'ဂွတို'ဆိုတဲ့ ဆိုက်ကားသမား တစ်ယောက်ရှိတယ်။ ခုတော့ ... သူမရှိတော့ပါဘူး။ မနှစ်က အဆုတ်ရောဂါနဲ့ သေသွားပါပြီ။ ဆိုက်ကားသမား 'ဂွတို' က ဘာပြောသလဲ ဆိုတော့

**ဒီမိုကရေစီ နိုင်ငံတွေမှာပဲ ... ကိုယ်ကျင့်သိက္ခာ ညှိုးနွမ်းမှုတွေကို ဗန်းပြပြီး အနုပညာ ဈေးကွက်တင်တာမျိုးတွေ ရှိတာပါ။ အဲဒါကို ဒီမိုကရေစီ ယဉ်ကျေးမှုရဲ့ အညစ်အကြေးလို့ခေါ်တယ်။** လို့ပြောတယ်။ "ဂွတို'ပြောတဲ့ စကားက သိပ်မှန်တာပါပဲဗျာ။ ကြည့်ပါလား ...။ ၂၀၁၄ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့က ကန်တော်ကြီး မျှော်စင်ကျွန်းမှာ လုပ်တဲ့ ရှိုးပွဲတစ်ခုမှာ အဆိုတော်မလေး တစ်ယောက် ပေါင်ရင်းအထိ ဖော်ထားတဲ့ ဝတ်စုံကိုဝတ်ပြီး သီချင်းတက်ဆိုလို့ လူမှုကွန်ရက် အွန်လိုင်း စာမျက်နှာ တွေမှာ ဝေဖန်မှုတွေ ပွက်လောညံသွားတယ်။ အဲဒီတော့ အဆိုတော်မလေးက "လူတစ်ဦးချင်းစီရဲ့ လွတ်လပ်ခွင့်ကို အလေးထားပါ' လို့ ရဲရဲဝံ့ဝံ့ ပြန်ပြောတယ်ဗျာ။ ကျုပ်ကတော့ ... ရင်လေးမိတယ်။ **ဒီမိုကရေစီ ယဉ်ကျေးမှုရဲ့ အညစ်အကြေးတွေဟာ အမျိုးသားယဉ်ကျေးမှုကို ပြောင်ကျကျ စော်ကားလိမ့်မယ်။ အဲဒါ ကျိန်းသေပဲ။** ကဲ ... ဒီအကြောင်းကို ဒီမှာပဲ ရပ်မယ်။ နိုင်ငံရေးတွေပါလာပြီ။ ကျုပ်ကဗေဒင်ဆရာပါ ... နိုင်ငံရေးအကြောင်း ဘာ

မျှနားမလည်ပါဘူး။ နိုင်ငံရေးဆိုတာ စာတတ် ပေတတ်ကြီးတွေရဲ့ ကိစ္စပါ။ ကျုပ်က နိုင်ငံရေးစာအုပ် ဆိုလို့ တစ်အုပ်တောင် မဖတ်ဖူးပါဘူး။...

"အောက်လိုင်း" လည်းမဟုတ်၊ 'အလယ်လိုင်း'လည်း မဟုတ်၊ 'အပေါ်လိုင်း'လည်း မဟုတ်တဲ့ 'လိုင်း'နဲ့ 'အောင်မြင်ကျော်ကြား လူသိများ' အောင် လုပ်တဲ့လူတွေလည်း ရှိသေးတယ်။ အဲဒါ ... ဘာလိုင်းလဲ ဆိုတော့ 'ဂမ္ဘီရလိုင်း'ပေါ့ဗျာ။ 'ဂမ္ဘီရလိုင်း'ပေါ့။ 'ဂမ္ဘီရလိုင်း'ဆိုတာ ဘာသာရေးကို ခုတုံးလုပ်တဲ့ 'လိုင်း'ပါပဲ။ လူတွေရဲ့ ကိုးကွယ်ယုံကြည်မှုကို အသုံးချပြီး "အောင်မြင်ကျော်ကြား လူသိများ' အောင် လုပ်တဲ့ 'လိုင်း'ပါပဲ။ အဲဒီ 'ဂမ္ဘီရလိုင်း'နဲ့ အောင်မြင်ကျော်ကြား လူသိများအောင် လုပ်တဲ့ လူတွေကလည်း အများကြီးပဲ ...။ သူတို့အကြောင်း ... ပြောမယ်ဆိုရင်တော့ ... ပြောမဆုံးပေါင် တောသုံးတောင်'ပေါ့ဗျာ။

ဘာကြောင့် လူတော်တော်များဟာ ... အောင်မြင်ကျော်ကြား လူသိများအောင်' လုပ်ချင်ကြတာလဲ ... လုပ်ကြတာလဲလို့ မေးတဲ့လူများ ရှိခဲ့ရင် ကျုပ်ဖြေမယ်။ ကျုပ်ဘယ်လို ဖြေမှာလဲဆိုတော့ ... ဒီလိုဖြေမှာပေါ့ဗျာ။ လူတစ်ယောက် ... အဲဒီလူဟာ အညတြဘဝကနေ 'အောင်မြင်ကျော်ကြား လူသိများ' လာတာနဲ့ အဲဒီလူရဲ့နောက်မှာ ဥစ္စာဓနတွေ၊ အခြွေအရံတွေ၊ နောက်လိုက် နောက်ပါတွေက အလိုလိုပါလာတယ်။ "အာဏာ'လည်း ဒီလိုပဲ ... ။ 'အာဏာ'ရှိတဲ့ လူနောက်မှာ ဥစ္စာဓနတွေ၊ အခြွေအရံတွေ၊ နောက်လိုက်နောက်ပါတွေ ကပ်ပါလာတာပဲ မဟုတ်လား ... ။ ဒါ ... နိယာမပဲ ... ။ ဒါကြောင့်လည်း လူတော်တော်များဟာ "အောင်မြင်ကျော်ကြား လူသိများ ' အောင်လုပ်ကြတာပေါ့။ ရှင်းပါတယ်။

သိပ်မကြာသေးပါဘူးဗျာ ...။ ပြီးခဲ့တဲ့နှစ်လကျော် ... သုံးလလောက်ကပေါ့။ "ဂမ္ဘီရလိုင်း'နဲ့ 'အောင်မြင်ကျော်ကြား လူသိများ' အောင် လုပ်တာ

ကို ပြောမလို့ပါ။ ဟုတ်ပြီလား ...။ ခေါင်းလောင်းကြီးလေ ခေါင်းလောင်းကြီး ‘ဓမ္မစေတီမင်း’ သွန်းလုပ်လှူဒါန်းခဲ့တဲ့ "ဓမ္မစေတီ ခေါင်းလောင်းကြီး" အဲဒီ "ဓမ္မစေတီ ခေါင်းလောင်းကြီး' ကို ဆယ်တဲ့ ကိစ္စဟာ မြန်မာတစ်နိုင်ငံလုံး ဟိုးလေးတစ်ကျော် ဖြစ်သွားခဲ့တယ်။ ဟုတ်တယ် မဟုတ်လား ...။ ဒီလိုပဲ ... ရွှေတိဂုံဘုရား ရာဟုထောင့်မှာရှိတဲ့ "စဉ့်ကူးမင်း ခေါင်းလောင်းကြီး’ကို ပထမအင်္ဂလိပ်မြန်မာ စစ်ပွဲအပြီးမှာ ရဟန်း သံဃာတော်တွေ ဦးစီးပြီး ဆယ်ယူခဲ့တုန်းကလည်း လူထုပရိသတ်တွေ လှိုင်မြစ်ကမ်းပေါ်မှာ ကြည့်နေကြတာဟာ ကမ်းလုံးပြည့် ညွတ်နေတာပဲ။ အဲဒီတုန်းက စက်ယန္တရားတွေမပါပဲ ... မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ဆယ်ယူခဲ့တာပါ။ မြန်မာနည်း မြန်မာ့ဟန်နဲ့ ဆယ်ယူခဲ့တယ်ဆိုလို့ ... နဂါးတွေကူညီတဲ့ ဂမ္ဘီရနည်းလို့ မထင်လိုက်ပါနဲ့ဗျာ။ ဝါးလုံးတွေ၊ ကြိမ်တွေ၊ နွယ်ကြိုးတွေကို အသုံးပြုပြီး ရေအောက်ကရေပေါ် ရေပေါ်က ကမ်းပေါ် ... ကမ်းပေါ်ကနေ ...ရွှေတိဂုံဘုရား ရင်ပြင်တော်အထိ ရောက်အောင် စွမ်းဆောင်နိုင်ခဲ့တာပါ။ "ဆင်ဖြူရှင်မင်း’ ရဲ့ သားတော် ‘စဉ့်ကူးမင်း’က ကြေးပိဿာချိန် "တစ်သောင်းငါးထောင့် ငါးရာငါးဆယ့်ငါးပိဿာ" ရှိတဲ့ ကြေးခေါင်းလောင်းကြီးကို သွန်းလုပ်ပြီး သက္ကရာဇ် ၁၁၄၀ပြည့် တပို့တွဲလဆန်း၁ ရက်၊ ဗုဒ္ဓဟူးနေ့ ... မြန်မာနာရီ ညဥ့်သုံးချက်တီးကျော်မှာ ရွှေတိဂုံဘုရားရင်ပြင်ရဲ့ ရာဟုထောင့်မှာ ချိတ်ဆွဲ လှူဒါန်းခဲ့တာပါ။ အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲအပြီး ... အောက်မြန်မာနိုင်ငံ အင်္ဂလိပ်ကိုလိုနီ နယ်ချဲ့လက်အောက် ကျရောက်သွားတဲ့အခါမှာ ... အဲဒီ ‘စဉ့်ကူးမင်း ခေါင်းလောင်းကြီး'ကို နယ်ချဲ့ ဗြိတိသျှ လူမျိုးတွေက အင်္ဂလန်ပို့ဖို့ အလုပ်မှာ လှိုင်မြစ်ထဲမှာ သင်္ဘော တိမ်းစောင်းပြီး ရေထဲ ဆင်းသွားခဲ့တယ်။ ဟုတ်တယ်လေ ... ။ သက္ကရာဇ် ၁၈၂၄ ခုနှစ်မှာ "စဉ့်ကူးမင်းခေါင်းလောင်းကြီး' ရေထဲကျသွားခဲ့တယ်။

အင်္ဂလိပ်ကိုလိုနီ အစိုးရလို့ပဲပြောပြော၊ နယ်ချဲ့ ဖြိတိသျှအစိုးရလို့ပဲ ပြောပြော၊ ကျူးကျော် စော်ကားတဲ့ ကုလားဖြူ မိစ္ဆာကောင်တွေလို့ပဲ ပြောပြော ... အဲဒီကိုလိုနီ ... အဲဒီနယ်ချဲ့ ... အဲဒီ ကျူးကျော်သူတွေကြောင့် "စဥ်ကူး မင်းခေါင်းလောင်းကြီး' ရေထဲကျခဲ့သလို မွန်ဘုရင်ကြီး "ဓမ္မစေတီမင်း' သွန်းလုပ် လှူဒါန်းခဲ့တဲ့ "ဓမ္မစေတီခေါင်းလောင်းကြီး' လည်း ပေါ်တူဂီ မိစ္ဆာကောင် ငဇင်ကာရဲ့ လက်ချက်နဲ့ ရေထဲကျခဲ့သေးတယ်။ 'ဓမ္မစေတီ ခေါင်းလောင်းကြီး'ဟာ အဖိုးမဖြတ်နိုင်တဲ့ သမိုင်းဝင်ပစ္စည်းပါ။ ပြီးတော့ ... ရွှေတိဂုံ စေတီတော်မြတ်ကြီးရဲ့ သာသနိက အလှူပစ္စည်းလည်း ဖြစ်တယ်။ ဒါကြောင့် ... သလိုနှစ်ပေါင်းများစွာ ရေအောက်မြုပ်နေတာကို ပြန်ဆယ်ရမယ်။ ဒါ ... သမိုင်းပေး တာဝန်ပဲ။ ဒါပေမယ့် ... "ဘိုးတော်'လိုလို ..."ဘော်တိုး" လိုလိုလူက 'ဓမ္မစေတီ ခေါင်းလောင်းကြီး' ကို ဂမ္ဘီရနည်းနဲ့ ဖော်မယ်လို့ စာနယ်ဇင်းတွေကို ဖိတ်ကြားပြီး တစ်တိုင်းပြည်လုံး သိအောင် ဟစ်ကြွေးလိုက်တာကတော့ ... 'ဂမ္ဘီရလိုင်း'နဲ့ 'အောင်မြင်ကျော်ကြား လူသိများ' အောင် လုပ်လိုက်တာပဲ မဟုတ်လား။ အဲဒီလို 'ဂမ္ဘီရ'သမားတွေကို ဘုရားလို ကိုးကွယ်ဆည်းကပ်နေတဲ့ လူတွေရှိသလို .. အဲဒီ 'ဂမ္ဘီရသမား'တွေ ကိုပဲ ယောင်တောင်တောင်၊ ကြောင်တောင်တောင် တွေပါလို့ ထင်ထား ... သတ်မှတ်ထားတဲ့ လူတွေလည်းရှိတယ်။ မလုပ်နဲ့ကိုယ့်လူ မထင်လိုက်ပါနဲ့၊ မသတ်မှတ်လိုက်ပါနဲ့ ... ယောင်တောင်တောင်၊ ကြောင်တောင်တောင်တွေ မဟုတ်ဘူးဗျို့။ သိပ်ပါး ... သိပ်နပ်တဲ့ လူတွေ လူနပ်တွေ ...။ သူများမျက်ခုံးမွေးပေါ်မှာ စကြံလျှောက်နေတဲ့ လူတွေကို ယောင်တောင်တောင်၊ ကြောင်တောင်တောင်တွေပါလို့ ထင်လိုက်ရင် ခံသွားရလိမ့်မယ်။ ကျုပ်ပြောပြမယ်...။ 'စနေနံ' အကောင်းနဲ့ 'စနေနံ' အဆိုးကို တစ်ပြိုင်တည်း လုပ်ခဲ့တဲ့ အာဏာရှင်ကြီး တစ်ဦး ရှိခဲ့ဖူးတယ် ဆိုတာကို

မှတ်မိကြသေးရဲ့လား ...။ မှတ်မိကြပါတယ်ဗျာ။ 'ထီး'က စနေနံ ။ ဟုတ်ပြီနော် စေတီပုထိုးတွေကို 'စနေနံ' ဖြစ်တဲ့ ထီးတော်တင်တာဟာ 'စနေနံ'အကောင်း လုပ်တာပဲ။ မြန်မာ့သမိုင်း တစ်လျှောက်လုံးမှာတော့ အဲဒီအာဏာရှင် ပုဂ္ဂိုလ်ကြီးလို မြန်မာပြည်အနှံ့မှာ ရှိတဲ့ စေတီပုထိုးပေါင်း များစွာကို ထီးတော်ပေါင်းများစွာ တင်လှူပူဇော်နိုင်တဲ့သူ မပေါ်သေးဘူး။ ပုဂ္ဂိုလ်ထူး ... ပုဂ္ဂိုလ်မြတ်ပေါ့ ... ။ ဟုတ်တယ်နော်. ။ "စနေနံ'အဆိုး လုပ်တာကိုလည်း ပြောဦးမယ် ... ။ 'ထောင်'ကစနေနဲ့။ ဟုတ်တယ် ... မဟုတ်လား ...။ ဒီတော့ လူတွေကို 'ထောင်ချ'တာဟာ 'စနေနံ' အဆိုးလုပ်တာပဲပေါ့။ မြန်မာသမိုင်း တစ်လျှောက်လုံးမှာ လူပေါင်းများစွာကို "ထောင်ချ"ခဲ့တဲ့ နေရာမှာလည်း အဲဒီအာဏာရှင်ကြီးက ထိပ်ဆုံးကပဲ။ ပုဂ္ဂိုလ်ဆိုး ... ပုဂ္ဂိုလ်ယုတ်ပေါ့ဗျာ။ မဟုတ်ဘူးလား ..။ စနေနံ' အကောင်းနဲ့ 'စနေနံ' အဆိုးကို တစ်ပြိုင်တည်းလုပ်တော့ ..."ရှော့'ဖြစ်ပြီး အာဏာ လက်မဲ့ဖြစ်သွားတယ် ဆိုတာ ရှင်းနေပါတယ်။ အဲဒီလို"စနေနံ'အကောင်းအဆိုး နှစ်ခုစလုံးကို တစ်ပြိုင်တည်း စံချိန်တင်အောင် လုပ်နိုင်ခဲ့တဲ့ စစ်အာဏာရှင်ကြီးကိုတောင် အပိုင်ချုပ်နိုင်ပြီး "အောင်မြင်ကျော်ကြား လူသိများ'အောင် လုပ်ခဲ့တဲ့ အထင်ကရ ဂမ္ဘီရသမားကြီးတစ်ဦး ရှိခဲ့ဖူးတယ် လေဗျာ။ မသိကြဘူးလား ... ။ မသိရင် ... ကျုပ် နာမည်ပြောလိုက်မယ်။ ၂၀၀၄ ခုရောက်တော့မှ ပွဲပြီးမီးသေ ဖြစ်သွားကြတယ်လေ။ ဒီလောက်စပြောရင် ... သိပါပြီဗျာ။ ရှရှားပြည် ဇာဘုရင် လက်ထက်ကလည်း ပျောက်စေဆရာကြီး "ရပ်(စ်)ပြူတင်' ဆိုတာရှိခဲ့ဘူးတယ်။ ဇာဘုရင်ကို ဇက်ပိုးခွစီးပြီး ... နန်းတွင်းသူလေးတွေကို ခြေတော်တင်သွားတဲ့ "ပျောက်စေရောက်စေ' မှော်ဆရာကြီးပေါ့။ စောစောက ကျုပ်ပြောတဲ့ ... 'စနေနံ' အကောင်းနဲ့ 'စနေနံ'အဆိုးကို တစ်ပြိုင်တည်း စံချိန်တင်အောင် လုပ်ပြခဲ့တဲ့ အာဏာရှင်ပုဂ္ဂိုလ်

ကြီးကို အပိုင်ချုပ်ပြီး 'အောင်မြင်ကျော်ကြား လူသိများ' အောင် လုပ်ခဲ့တဲ့ အထင်ကရ ဂမ္ဘီရသမားကြီးဆိုရင် ရွှေကုလားထိုင်၊ ရွှေစားပွဲ၊ ရွှေပန်းကန်၊ ရွှေဇွန်း၊ ရွှေခွက်တွေနဲ့မှ စားတော် ခေါ်တော်မူတာဗျ။ အထောက်အထား ဓာတ်ပုံတွေတောင် ရှိသေးတယ်။ အဲဒီ အထင်ကရ ဂမ္ဘီရသမားကြီးတောင် ဒီလောက် ချမ်းသာနေရင် သူအပိုင်ချုပ်ထားတဲ့ အာဏာရှင်ပုဂ္ဂိုလ်ကြီး ဆိုရင် ဘယ်လောက် ချမ်းသာမယ် ဆိုတာကို တွေးကြည့်ကြပေတော့ ... ။ ကျုပ်ပြောချင်တာက ဂမ္ဘီရသမားတွေဟာ အာဏာရှိတဲ့သူတွေ၊ ဥစ္စာဓနကြွယ်ဝတဲ့ သူတွေကို အပိုင်ကိုင်၊ အပိုင်ချုပ်ပြီး ကျိုကျိုတက် ချမ်းသာအောင် လုပ်နေကြတာကို ပြောချင်တာပါ။ ဂမ္ဘီရသမားတွေကို ယောင်တောင်တောင်၊ ကြောင်တောင်တောင်လို့ ထင်လိုက်ရင် မှားသွားလိမ့်မယ်။ သိပ်နပ် ... သိပ်ပါးတယ်။ ပါးလိုက်တာမှ ... ရွှေတောင်စက္ကူ ကတောင် အရှုံးပေးရလိမ့်ဦးမယ်။

"စနေနံ'အကောင်း ...'စနေနံ'အဆိုးတွေ၊ ရွှေပန်းကန်- ရွှေဇွန်းတွေနဲ့ ရွှေတောင်စက္ကူတွေ အကြောင်းကို ဒီမှာပဲ ရပ်ပြီး "ဓမ္မစေတီခေါင်းလောင်းကြီး' ဆယ်တဲ့ ... ဖော်တဲ့အကြောင်းကို ဆက်ပြောမယ်။ စောစောကပြောခဲ့တဲ့ 'ဓမ္မစေတီ ခေါင်းလောင်းကြီးကို ဂမ္ဘီရနည်းနဲ့ဆယ်တဲ့ ... ဖော်တဲ့နေရာကိုသွားပြီး ရှမ်းအိုးစည်တွေတီးကြ၊ ဂါထာမန္တန်တွေရွတ်ကြနဲ့ အားပေးအားမြှောက် လုပ်တဲ့ ဂမ္ဘီရသမားတွေကလည်း ရှိသေးတယ်။ ဒါကလည်း ကပ်မြှောင်လုပ်ပြီး "အောင်မြင် ကျော်ကြား လူကြိုက်များ' အောင်လုပ်တာပါ။ ဟုတ် တယ်မဟုတ်လား ... ။ ပေါက်ပေါက်တွေ၊ နွားနို့တွေကို ရေထဲသွန်ပြီး နဂါးစာကျွေးတယ်ဆိုတဲ့ ဂမ္ဘီရသမားတွေလည်း ပေါ်လာသေးတယ်။ နှစ်ပေါင်းများစွာ အစာမစားရတဲ့ နဂါးတွေ ခုမှပဲ အစားအစာ ရတော့တယ်ဗျာ။ နဂါးတွေ ပေါက်ပေါက်စားပြီး နွားနို့သောက်

တယ် ဆိုတာဟာ ဘယ်ကျမ်း၊ ဘယ်စာအုပ်တွေမှာ ပါသလဲ မသိဘူး။ ကျုပ်ကတော့ "ထူးလည်းထူးတယ်၊ ရူးလည်းရူးတယ်"လို့ပဲ အော်ပြောလိုက်ချင်တော့တယ်။ နဂါးပူးတယ် ဆိုပြီး မြေပေါ်လိုမ့်ပြီး အရူးထကြတာတွေ ဟာလည်း ဘာပဲပြောပြော ... "အောင်မြင်ကျော်ကြား လူသိများအောင်' လုပ်ကြတာပဲ မဟုတ်လား။ ပြီးတော့ ဂျာနယ်လစ်တွေ ကလည်း ... သူတို့ဂျာနယ် ရောင်းကောင်းဖို့ပဲ ကြည့်ပြီး 'လသာတုန်း ဗိုင်းငင်'ကြတာ ထင်ပါရဲ့။ ညှာညှာတာတာ ပြောရရင်တော့ ... "လူမိုက်အားပေးတာလား" ... "အဆိပ်ပင် ရေလောင်း ပေးတာလား" ... "အရူးဘုံမြှောက် ပေးတာလား"... "တစ်လိမ်ပေါ်နှစ်လိမ် ဆင့်ပေးကြတာလား" တော့မသိဘူး။ "ဓမ္မစေတီ ခေါင်းလောင်းကြီး" ဆယ်တဲ့ ... ဖော်တဲ့အကြောင်း၊ နဂါးမတွေ ပူးကပ်တဲ့အကြောင်း၊ နဂါးစာကျွေးတဲ့ အကြောင်းတွေကို နေ့စဉ်ရက် ဆက်ရေးလိုက်ကြတာ မပြောပါနဲ့တော့ဗျာ။ ဂျာနယ်လစ် သိက္ခာတစ်ပြားမှ မရှိတော့ဘူး။ အဲဒီတုန်းက "ခေါင်းလောင်းပါမှ ရောင်းကောင်းမှာ' ဆိုတဲ့စကားဟာ ဂျာနယ်လက်ပွေ့ အရောင်းသမားလေးတွေရဲ့ ပါးစပ်ဖျားတွေမှာ ရေပန်းစားသွားလေရဲ့။

ပိုဆိုးတာက အဲဒီ "ဓမ္မစေတီ ခေါင်းလောင်းကြီး' ကို ရည်မှန်းပြီး ကမ်းစပ်ပေါ်ကနေ ဆွမ်းကပ်တဲ့လူတွေ။ ဖယောင်းတိုင်၊ အမွှေးတိုင်တွေ ထွန်းညှိပြီး ရှိခိုးကြတဲ့လူတွေလည်း ရှိသေးတယ်။ ဂမ္ဘီရရူးတွေပေါ့ဗျာ။ အမှန်တော့ဗျာ ... 'ဓမ္မစေတီ ခေါင်းလောင်း' ကြီးဟာ ယဉ်ကျေးမှု အမွေအနှစ် ပစ္စည်းတစ်ခုပါပဲ။ သာသနိကဒါန ပစ္စည်းမျိုးထဲမှာလည်း ပါတယ်။ အဲဒီလို ဘုရားခေါင်းလောင်းတွေမှာ ပါတဲ့ ခေါင်းလောင်းစာတွေကတော့ သမိုင်းသုတေသီတွေကို တော်တော်လေး အထောက်အကူပြုတယ်။ '**တိလောကခေါင်းလောင်းစာ**'၊ "**ရှင်မတောင်ဘုရား ခေါင်းလောင်းစာ**'၊ '**ဗားကရာ**

**ခေါင်းလောင်းစာ'၊ 'ရွှေချက်သို စေတီခေါင်းလောင်းစာ'၊ ပြည်ရွှေဆံတော် ဘုရား ခေါင်းလောင်းစာ'၊ 'မန့်နောင်ဘုရား ခေါင်းလောင်းစာ၊ 'ရှင်ပင် ဘုန်းပေါင် ခေါင်းလောင်းစာ" ...** အဲဒီ ခေါင်းလောင်းစာတွေကို ဖတ်ပြီး ... သမိုင်းရဲ့ နောက်ခံကားချပ်တွေကို တွေ့မြင်နိုင်တယ်။ မြန်မာနိုင်ငံရဲ့ ခေါင်းလောင်းသမိုင်းက ရှည်လျားပါတယ်။ ဒါက ကြုံတုန်းပြောပြတာပါ။ ပျူခေတ်မှာ ခေါင်းလောင်း သွန်းလုပ်ခြင်း အလေ့အထ ခိုင်မာနေပြီလို့ သမိုင်းပညာရှင်ကြီးတွေကဆိုတော့ ... ပျူခေတ် မရောက်မီကတည်းက ခေါင်းလောင်းသွန်းခြင်း ဆိုင်ရာ အတတ်ပညာက ပေါ်နေပြီလို့ ပြောနိုင် တယ်။ မဟုတ်ဘူးလား ...။ ဘာကြောင့် ဒီလို ပြောနိုင်တာလဲဆိုတော့ ... ပြည်မြို့ရဲ့ အရှေ့မြောက်ဘက် လေးမိုင်ကျော်လောက်မှာ 'မှော်ဇာ'အရပ် ဆို တာ ရှိတယ်။ အဲဒီမှာရှိတဲ့ "ဘုရားမာ ဘုရားကုန်းမြေ' က တူးဖော်ရရှိတဲ့ ခေါင်းလောင်းငယ် တစ်လုံးဟာ 'သရေခေတ္တရာပျူ' တွေရဲ့ လက်ရာ အစစ်အမှန်လို့ သမိုင်းပညာရှင်တွေက ခန့်မှန်းထားတယ်။ အဲဒီ ခေါင်းလောင်းငယ်ဟာ အမြင့် ဆယ့်တစ်လက်မရှိပြီး 'လောဟာ'နဲ့ သွန်း လုပ်ထားတယ်။ ခေါင်းလောင်းမှာ ပျူဒင်္ဂါးတွေမှာပါတဲ့ 'သီရိဝစ္ဆ'အမှတ်အသားပုံ ခရုသင်းတံဆိပ် နှစ်ခု ပါတယ်။ ဒါ့ကြောင့် ... 'သရေခေတ္တရာပျူ' တွေရဲ့ ခေါင်းလောင်းလို့ သမိုင်းပညာရှင်တွေက ခန့်မှန်းတာ ဖြစ်မှာပါ။ "သရေခေတ္တရာပျူ' တွေရဲ့လက်ရာ ကြေး ခေါင်းလောင်း တွေဟာ ကြီးကြီးမားမား မရှိဘူး။ ပုဂံခေတ်ရောက်မှ ပန်းတဉ်းပညာ ပိုမို တိုးတက်လာပြီး ဗုဒ္ဓသာသနိက အလှူ၊ ကြေး ခေါင်းလောင်းကြီးတွေကို သွန်းလုပ်လာတာပါ။ ဘာကြောင့် ဒီလိုပြောနိုင် သလဲ ဆိုတော့ ... ဦးကုလားရာဇဝင်မှာ "အလောင်းစည်သူမင်းသည် ကြေး စင်တုလာ တစ်သောင်းကို သွန်းသော ခေါင်းလောင်းကြီး နှစ်လုံးတို့ကို သဗ္ဗ

ညညဘုရားမှာ တစ်လုံး၊ ရွှေကူဘုရားမှာ တစ်လုံး လှူတော်မူသည်"လို့ ရေးမှတ်ထားလို့ပဲ ... ၊ကြေးစင်တုလာတစ်သောင်း ဆိုတဲ့ အလေးချိန်က နည်းတာမှ မဟုတ်တာပဲဗျာ။ မြန်မာ့ရိုးရာ အချိန်အတွယ် စံပြုထားတာက "ငါးကျပ်မှာ တစ်ပိုလ်၊ ပိုလ်တစ်ရာမှာ တစ်တုလာ"ဆိုတော့ ... ကြေးစင် ပိဿာပေါင်း ငါးသောင်းရှိမှာပေ့ါ မဟုတ်ဘူးလား ..

စကားပြောလို့ကောင်းလို့ ပြောရင်းနဲ့ "ဓမ္မစေတီခေါင်းလောင်းကြီး' ဆယ်တဲ့ ... ဖော်တဲ့ အကြောင်းကနေ၊ ခေါင်းလောင်း ကျောက်စာတွေ အကြောင်း၊ ခေါင်းလောင်း ကျောက်စာတွေ အကြောင်းကနေ ... ပုဂံခေတ် အလောင်းစည်သူမင်းကြီး လောင်းသွန်း လုပ်လှူဒါန်းတဲ့ အကြောင်းဆီကို ရောက်သွားတယ် ...။ ဒီတော့ ... "ဓမ္မစေတီခေါင်းလောင်းကြီး'ဆယ်တဲ့... ဖော်တဲ့အကြောင်းကနေ ပြန်စပြီးပြောတော့မယ်ဗျာ။ မကောင်းဘူးလား။ ဟုတ်ပြီ ...။ အဲဒီ "ဓမ္မစေတီခေါင်းလောင်းကြီး’ ကို ဆယ်တဲ့ ... ဖော်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ကျုပ်နဲ့ ကျုပ်ရဲ့ မိတ်ဆွေရှေ့နေကြီးတို့ နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် စကားအချေအတင် ပြောဖြစ်ကြသေးတယ်။ ရှေ့နေကြီးကလည်း ရိုးရိုးရှေ့နေကြီး မဟုတ်ဘူးဗျို့ ... ။ "ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး'ကို ကိုးကွယ်ရာအယူဝါဒ တစ်ခုလို ဦးထိပ်ပန်ဆင်ထားတဲ့ ရှေ့နေကြီး။ "ဒီမိုကရေစီရှေ့နေကြီး"။ "ဒီမိုကရေစီ’အကြောင်းကို မစားရဝခမန်း ပြောတဲ့ရှေ့နေကြီး။ လူ့အခွင့်အရေး’ကို ချင်ခြင်းတပ်နေတဲ့ ရှေ့နေကြီး။ အဲဒီရှေ့နေကြီးကို ... "ဒီမိုကရေစီ" ရှေ့နေကြီးကို ကျုပ်ကဘာ ပြောလိုက်သလဲဆိုတော့ ...

"ခိုင်မာတိကျတဲ့ သမိုင်းနောက်ခံ အထောက်အထားကိုလည်းမရှာ၊ သိပ္ပံနည်းကျရှာဖွေ စူးစမ်းမှုတွေ၊ တိုင်းတာမှုတွေကိုလည်း မလုပ်ပဲ ... ရေအောက်မှာ နှစ်ပေါင်းများစွာ နစ်မြုပ်နေခဲ့တဲ့ "ဓမ္မစေတီ ခေါင်းလောင်း

ကြီး'ကို ဂမ္ဘီရနည်းနဲ့ ဆယ်မယ် … ဖော်မယ်ဆိုပြီး ပြည်သူလူထုကို 'မီဒီယာ'တွေနဲ့ အသုံးချပြီး လိမ်ညာခဲ့တဲ့ ဘိုးတော်ယောင်ယောင်၊ ကြောင်တောင်တောင်လူနဲ့ သူ့ရဲ့ နောက်လိုက်တွေကိုရော … ။ သူ့ကို အားပေးအားမြှောက် လုပ်ပေးကြတဲ့ ဂမ္ဘီရရှူးတွေကိုရော … ဥပဒေ အရ အရေးယူလို့ ရသလားရှေ့နေကြီး။ ကျွန်တော် … ဥပဒေကို မသိလို့မေးတာပါ။ ပြီးတော့ … ခိုင်လုံတဲ့ အထောက်အထား တင်ပြထားတာ မရှိတဲ့သူကိုမှ … အဲဒီ "ဓမ္မစေတီခေါင်းလောင်းကြီး" ကို ရှာဖွေတူးဖော်ခွင့် ပေးတဲ့ တာဝန်ရှိတဲ့သူတွေကိုရော ဥပဒေအရ အပြစ်ပေးလို့ရသလား … ။ ဒါဟာ … နိုင်ငံတော်ကို လိမ်လည်လှည့်ဖြားပြီး သိက္ခာကျအောင် လုပ်တဲ့ကိစ္စ၊ ပြီးတော့ … ပြည်သူလူထုတွေကို လိမ်လည် လှည့်ဖြားပြီး အလှူခံနည်းတစ်မျိုးနဲ့ အလှူခံတဲ့ကိစ္စလို့ ကျွန်တော် မြင်တယ်။ ရရှိတဲ့ အများ အလှူငွေတွေကို သုံးစွဲပုံကိုလည်း ထင်သာမြင်သာအောင် ပြည်သူလူထုတွေကြားမှာ ချပြခြင်းမရှိခဲ့ဘူး … ရှေ့နေကြီး … ။

လို့ ကျုပ်က ပြောလိုက်တော့ … 'ဒီမိုကရေစီ' ရှေ့နေကြီးက ဘာပြန်ပြီး ပြောလိုက်မယ် ထင်သလဲ … သိလား။ "ဒီမိုကရေစီ" ရှေ့နေကြီးက ကျုပ်ထက် အသက်ကြီးတယ်။ ၇၄နှစ် … ၇၅နှစ် လောက်တော့ အနည်းလေးရှိတယ်။ ဟုတ်ပါတယ် … အသက် ၇၄နှစ်ပြည့် မွေးနေ့လုပ်သွားတာ သိပ်မကြာသေးပါဘူး။ ကျုပ်နဲ့အသက်ချင်းကွာပေမယ့် … သူငယ်ချင်းလို ပေါင်းကြတော့ … တစ်ယောက်နဲ့ တစ်ယောက် ပြောမနာ၊ ဆိုမနာလို့ ပြောရမှာပဲ။ သူ့နာမည်ကိုတော့ ကျုပ်… မပြောတော့ပါဘူးဗျာ။ ခု … သူ ဆေးရုံတက်နေရတယ်။ နေ့လား .. ညလားပဲ။ သူပြောပြောနေတဲ့ … "ဒီမိုကရေစီ" အစစ်အမှန် ဆိုတာကိုတောင် ထိတွေ့ ခံစားသွားရမှာ မဟုတ်ပါဘူး။ "ဒီမိုကရေစီ' အစစ်အမှန်ကို ခံစားမသွားရဘူးဆိုလို့ …"မ. ဆ. လ ခေတ်'က

ကြားနေကျစကားကို သတိရမိသေးတယ်ဗျာ။ ဘာတဲ့ ဩော် ဩော် ... ဒီလို ပါ။ "ဆိုရှယ်လစ်စံနစ်ရဲ့ အသီးအပွင့်ကို မခံစားရသေးတဲ့ လူတွေရှိသလို ... ခံစားနေတဲ့လူတွေနဲ့ ခံစားပြီး သွားတဲ့လူတွေလည်း ရှိတယ်" ဆိုတဲ့ ... စကားပဲ။ ဒီစကားလိုပဲ ... ဒီနေ့ခေတ်မှာလည်း 'ဒီမိုကရေစီ'ရဲ့ အသီးအပွင့် တွေကို မခံစားလိုက်ရပဲ ကျဆုံးသွားတဲ့လူတွေနဲ့ မခံစားရသေးတဲ့ လူတွေရှိ သလို ... ဒီမိုကရေစီ'ရဲ့ အသီးအပွင့်တွေကို ပြောင်ကျကျ ဆွတ်ခူး စား သောက်ခံစားနေတဲ့ လူတွေလည်း ရှိနေကြပြီဗျို့။ ပြောကောင်းကောင်းနဲ့ ပြောလိုက်တာ ကျုပ်စကားက တောရောက်၊ တောင်ရောက် ဖြစ်ကုန်ပြီ။ ထိ တဲ့ လူတွေကတော့ ဆတ်ဆတ်ထိ နာကြတော့မယ်။ ဒါကြောင့် ဒီစကားကို ဒီမှာရပ်ပြီး ... 'ဒီမိုကရေစီ' ရှေ့နေကြီးက ကျုပ်ကိုပြန် ပြောခဲ့တဲ့စကားကိုပဲ ပြောပြတော့မယ်။

"ကိုယ့်လူရ ... တို့မြန်မာနိုင်ငံက 'ဒီမိုကရေစီ'နိုင်ငံဖြစ်နေပြီ ဆိုတာကို လည်း မေ့မသွားနဲ့လေ ...။ ဓမ္မစေတီ ခေါင်းလောင်းကြီးကို ရေအောက်က နေပြီး ရေပေါ်ကို ဆွဲတင်တဲ့ နေရာမှာ သိပ္ပံနည်းနဲ့ပဲ ဖြစ်ဖြစ်၊ ဝိဇ္ဇာနည်းနဲ့ပဲ ဖြစ်ဖြစ်၊ ဂမ္ဘီရနည်းနဲ့ပဲဖြစ်ဖြစ်၊ ဠုံဖွ ... အပ်ချလောင်း' နည်းနဲ့ပဲဖြစ်ဖြစ် ကြိုက်တဲ့နည်းနဲ့ ဆွဲတင်မယ်ကွာ။ အဲဒါဘာဖြစ်သလဲ...။ လူ့အခွင့်အရေး ပဲ...။ ဓမ္မစေတီ ခေါင်းလောင်းကြီး ဆယ်တဲ့နေရာမှာ ရွှေရောင်နဂါးမင်းကြီး နဲ့ နောက်လိုက် နဂါးတွေက ကူညီပေမယ့် ... ရေမျှော့တွေက ဆယ်မ ရအောင် နှောင့်ယှက်နေတယ်။ ကိုလိုနီပင်လယ်ဓားပြ အစိမ်းသရဲမိစ္ဆာဒိဋ္ဌိ 'ငဇင်ကာ'နဲ့ သူ့တပည့်တွေက 'ဇေ'အရက် သောက်ချင်တယ်။ ဒံပေါက် စား ချင်တယ်လို့ ပြောနေကြတယ်။ နဂါးမလေးတွေက မြန်မာနိုင်ငံကိုယ်စား နိုင်ငံတကာ မယ်ရွေးပွဲတွေမှာ ဝင်ပြိုင်ချင်တယ် ဆိုပြီး ပူဆာနေကြတယ်လို့ ... အဲဒီလိုတွေ၊ အဲဒီလိုစကားတွေကို ဓမ္မစေတီ ခေါင်းလောင်းကြီးကို

ဦးဆောင်ဆယ်ယူနေတဲ့ လူက ပြောတယ်ကွာ ... အဲဒါဘာဖြစ်သလဲ။ ဒါ ... လူ့အခွင့်အရေးပဲ။ ဒီမိုကရေစီနိုင်ငံမှာ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်၊ လွတ်လပ်စွာ ရှုးသွပ်ခွင့် ရှိတယ်လေကွာ။ အဲဒါကို ဘာပုဒ်မနဲ့ အရေးယူလို့ရမှာလဲ။ ပြောစမ်းပါဦး ကိုယ့်လူရ။ ကိုယ့်စိတ်ထဲ ထင်တာတွေကို လွတ်လပ်စွာ ရေးသားခွင့်၊ ပြောဆိုခွင့် ရှိရမယ်။ ဒါ ... ဒီမိုကရေစီရဲ့ ရပိုင်ခွင့်တွေပဲ။ ဒီမိုကရေစီ ယဉ်ကျေးမှုလို့လည်း ခေါ်တယ်။ လူတွေက ဓမ္မစေတီ ခေါင်းလောင်းကြီးကို ရည်မှန်းပြီး ဆွမ်းတော်ကပ်တယ်။ ဖယောင်းတိုင်၊ အမွှေးတိုင်တွေထွန်းပြီး ပူဇော်ကြတယ်လို့ ကိုယ့်လူက ပြောတယ်။ အဲဒါ ... ဘာဖြစ်သလဲ။ "ဒီမိုကရေစီ" နိုင်ငံမှာ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရှိတယ်။ ဓမ္မစေတီခေါင်း လောင်းကြီးကို ရေအောက်ကနေ ပြန်ဆယ်ဖို့ ... ခွင့်ပြု အမိန့်ချပေးတဲ့ ပုဂ္ဂိုလ်ကြီးတွေကိုလည်း အပြစ်ရှိပါတယ်လို့ ပြောလို့မရဘူး။ ဒီမိုကရေစီနိုင်ငံ ဖြစ်နေပြီလေကွာ။ နေရာတကာမှာ ပိတ်ပင်နေလို့မရဘူးကွ ... ကိုယ့်လူရ။"

လို့ 'ဒီမိုကရေစီ' ရှေ့နေကြီးက အဲဒီလို ပြောလိုက်တော့ ... ကျုပ်က ဘာပြန်ပြောနိုင် တော့မှာလည်းဗျာ။ "မတုန်မလှုပ် ... ကျောက်ရုပ်လိုနေရုံမှ တစ်ပါး အခြားမရှိပေ့။ ကျုပ်က သူများမကောင်းကြောင်းကို ဘယ်တော့မှ မပြောသလို။ သူများ မခံချင်အောင်လည်း ဘယ်တော့မှ မပြောဘူး။ ဒါပေမယ့် ... သူများပြောတဲ့ စကားကိုတော့ ငြိမ်ပြီး နားမထောင်တတ်ဘူး။ စောဒကတက်တဲ့ နေရာမှာ ကျုပ်အပြင် နောက်တစ်ယောက် မရှိဘူးလို့ ကျုပ်ထင်တယ်။

"ရှေ့နေကြီး ... ပြောတဲ့ "ဒီမိုကရေစီယဉ်ကျေးမှု'လား "ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး' လား ... အဲဒါဟာ လူလိမ်လူညာတွေနဲ့ နိုင်ငံရေး စားခွက်နှိုက်တွေကို အခွင့်အရေးပေးရာ မရောက်လွန်းဘူးလား ဗျာ။"

ကျုပ် ... စကားဆုံးသွားတာနဲ့ ဒီမိုကရေစီရှေ့နေကြီး ဒေါ်သူပုန် ထပါလေရောဗျာ။ ကျုပ်ကလည်း ကျုပ်ပါပဲ။ ပါးစပ်ပိတ်မနေဘူး။ ‘ဒီမိုကရေစီ’ ရှေ့နေကြီး ... ဆွေ့ဆွေ့ခုန်မယ့် စကားမျိုးကိုမှ ကျုပ်ကရွေးပြီး ပြောလိုက်တာကိုဗျ။ အဲဒီတော့ ... ဘာများ တတ်နိုင်မှာလဲဗျာ။ သူပြောသမျှကို ငြိမ်ပြီး နားထောင်နေရတာပေါ့။ "ဒီမိုကရေစီ" ရှေ့နေကြီးက စိတ်ဆိုးဆိုးနဲ့ "ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး တရားကို အာပေါင်အာရင်း သန်သန်နဲ့ ကရားရေလွှတ် ဟောတော့တာပါပဲ။ ကျုပ်နားနှစ်ဖက်ကတော့ ... သူပြောတဲ့ "ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး" အကြောင်းတွေကို ကြားရဖန်များတော့ ရိုးအီနေပြီ။ ရိုးအီနေလည်း မတတ်နိုင်ဘူးလေ... ။ ကိုယ်ကသွားပြီး စောဒက တတ်လိုက်မိတာကိုဗျ။ ကျုပ်နားနှစ်ဖက်ကတော့ သနားစရာပါဗျာ။ အောင့်အည်းပြီး နားထောင်နေရတာပေါ့။ ဒါပေမယ့် ... အဲဒီတုန်းက ကျုပ်စိတ်အာရုံက ဟိုအဝေး ... ဟိုအဝေးဆီက အတိတ်ကို ပြန်သွားနေခဲ့တယ်။ အဲဒီလို ... ကျုပ်စိတ်အာရုံ ပြန်သွားခဲ့တဲ့ အတိတ်က အဖြစ်အပျက်လေးကို ပြန်ပြောချင်ပါတယ်။

***